၄၂၇

# ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကို ပြင်သည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၁၁။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၄ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါ ဥပဒေဟု ရည်ညွှန်းသည့် ၁၉၆၂ ခုနှစ်၊ အထူး ရာဇဝတ်ရုံးဥပဒေတွင်—

(က) ''အဘည်ပြုအာဏာပိုင် ''ဆိုသည့်စကားရပ်အစား၊''အတည် ပြုအဖွဲ့'' ဆိုသည့်စကားရပ်ကိုငင်း၊

(ခ) ''တရားခံအတွက် လိုက်ပါဆောင်ရွက်သည့်ရှေ့နေ '' သို့မဟုတ် ''ရှေ့နေ''ဆိုသည့်စကားရပ်အသီးသီးအစား၊''တရားခံဘက် အကျိုးဆောင် '' ဆိုသည့်စကားရပ်ကိုငင်း

ထည့်သွင်းရမည်။

၃။ ။အဆိုပါ ဥပဒေတွင်၊ ပုဒ်မ ၂ ကိုပယ်ဖျက်ရမည်။

၄။ ။အဆိုပါ ဥပဒေ ပုဒ်မ ၃ အစား၊ အောက်ပါကို ပုဒ်မ ၃ အဖြစ်ထည့် သွင်းရမည်။

''၃။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အထူးရာဇဝတ်ရုံးများကို၊ အမိန့်ကြော်ငြာစာဖြင့်၊ အခါအား လျော်စွာဖွဲ့စည်းနိုင်သည်၊ သို့မဟုတ် အသစ်ပြန်လည်ဖွဲ့စည်း နိုင်သည်။ မည်သည့် အထူးရာဇဝတ်ရုံးကို၊ မည်သည့်အမှု၊ သို့မဟုတ် အမှုများစစ်ဆေးရန် ဖွဲ့စည်းထားကြောင်း အမိန့် ကြော်ငြာစာဖြင့် သီးခြားဖော်ပြရမည်။

(၂) အထူးရာဇဝတ်ရုံးတွင် အဖွဲ့ဝင် အနည်းဆုံး သုံးဦး ပါဝင်စေရမည်။ ထိုသုံးဦးအနက်တဦးမှာ နာယက ဖြစ်ရမည်။ သို့ရာတွင်အဖွဲ့ဝင်ဦးရေသည် မည်သည့်အခါမျှ စုံမဖြစ်စေရ။''။

၅။ ။အဆိုပါဥပဒေ ပုဒ်မ ၄ တွင်၊ ပုဒ်မခွဲ (၄) အစား၊ အောက်ပါကို ပုဒ်မခွဲ(၄) နှင့် (၅) အဖြစ် ထည့်သွင်းရမည်။

''(၄) အထူးရာဇဝတ်ရုံးသည်၊ အမှုတခုခုကိုစစ်ဆေးနေစဉ်အတွင်း၊ မည်သည့်အခါမဆို အစိုးရထံ တင်ပြီးခွင့်ပြုချက်ကို ကြိုတင်ရ ယူ၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်။

(က) စွဲချက်များတွင် ဖြည့်စွက်ခြင်း၊ စွဲချက်များမှ ချန်လှပ်ခြင်း၊ သို့မဟုတ် စွဲချက်များတွင် ပြောင်းလဲခြင်း။

(ခ) တရားခံ တဦးဦးအပေါ် နောက်ထပ်စွဲချက်များတင်ခြင်း။

(ဂ) စစ်ဆေးနေသောပြစ်မှုကို အခြားသူတဦးဦးက တရားခံနှင့် အတူပူးတွဲကျူးလွန်ကြောင်းပေါ်လွင်သည်ဟု ယူဆသဖြင့်၊ ထိုအခြားသူကို တရားခံအဖြစ် ထည့်သွင်းစစ်ဆေးခြင်း။

(ဃ) စစ်ဆေးနေသော ပြစ်မှုနှင့်ဆက်စပ်သည့် အခြားပြစ်မှုတခုခုကို အခြားသူတဦးဦးက ကျူးလွန်ကြောင်းပေါ်လွင်သည်ဟု ယူဆသဖြင့်၊ ထိုသူကိုတရားခံအဖြစ်ထည့်သွင်းစစ်ဆေးခြင်း။

(င) စစ်ဆေးနေသည့်အမှုတွင်၊ မမှန်သက်သေခံသူ၊ သို့မဟုတ် မမှန်သက်သေခံကို ဖန်တီးသူအား အရေးယူစစ်ဆေးခြင်း။

(၅) ပုဒ်မခွဲ (၃) တွင် မည်သို့ပင်ပါရှိစေကာမူ၊ အစိုးရသည်၊ အထူးရာဇဝတ်ရုံးအား စစ်ဆေးစီရင်စေသည့် အမှုတွင်ဆက်စပ်၍ ပေါ်ပေါက်လာသော အခြားပြစ်မှုအတွက် ဖြည့်စွက်ထည့်သွင်းစစ်ဆေးသော စွဲချက်တခုခုအရ ပြစ်မှုထင်ရှားစီရင်လျှင်၊ ထိုပြစ်မှုနှင့်သက်ဆိုင်သည့်တရားဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း သာလျှင်ပြစ်ဒဏ်ချမှတ်ရမည်ဟုသီးခြားညွှန်ကြားနိုင်သည်။''။

၆။ ။အဆိုပါ ဥပဒေပုဒ်မ ၅ တွင် '' ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) တွင် ညွှန်းသည့်'' ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၇။ ။အဆိုပါဥပဒေပုဒ်မ ၆ အစား၊အောက်ပါကို ပုဒ်မ ၆ အဖြစ် ထည့်သွင်းရမည်။

''၆။ ။(၁) အထူးရာဇဝတ်ရုံးသည်၊ ဤဥပဒေအရ ပြစ်မှုများကို စစ်ဆေးစီရင်ရာတွင်၊ ဤဥပဒေအရ ပြုသည့်နည်းဥပဒေများကို လိုက်နာရမည်။

(၂) သက်သေတဦး၏ ထွက်ဆိုချက်သည်၊ အရေးပါအရာရောက်လိမ့်မည်မဟုတ်ဟု အထူးရာဇဝတ်ရုံးက တွေ့မြင်လျှင်၊ ထိုသက်သေကို မစစ်ဆေးဘဲနေနိုင်သည်၊ အကယ်၍ အရေးပါအရာရောက်လိမ့်မည်ဟုတွေ့မြင်လျှင်၊မည်သူ့ကိုမဆို သက်သေအဖြစ်ခေါ်ယူစစ်ဆေးနိုင်သည်။

(၃) အထူးရာဇဝတ်ရုံး၏အဖွဲ့ဝင်များအချင်းချင်း သဘောကွဲလွဲသည့်အခါ၊ အဖွဲ့ဝင်များရာက ထင်မြင်ယူဆသည့်အတိုင်း ဆုံးဖြတ်ချက်ချမှတ်ရမည်။''။

၈။ ။အဆိုပါ ဥပဒေပုဒ်မ ၇ တွင်၊ ပုဒ်မခွဲ (၂) နှင့် (၃) အစား၊ အောက်ပါကို ပုဒ်မခွဲ (၂) နှင့် (၃) အဖြစ်ထည့်သွင်းရမည်။

''(၂) အထူးရာဇဝတ်ရုံး၏ အဖွဲ့ဝင်တဦးဦးသည်၊ အမှုကို ဆက်လက်ကြားနာစစ်ဆေးခြင်းမပြုနိုင်လျှင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ ထိုအဖွဲ့ဝင်အစား၊ အခြားပုဂ္ဂိုလ်တဦးကို၊ အထူးရာဇဝတ်ရုံးအဖွဲ့ဝင်အဖြစ် ခန့်ထားနိုင်သည်။

ထိုသို့ ခန့်ထားလျှင်၊ ထိုပုဂ္ဂိုလ်ကို အမှုစတင်စစ်ဆေးသည့်အချိန် မှစ၍ ခန့်ထားခဲ့ဘိသကဲ့သို့၊ အမှုကို အထူးရာဇဝတ်ရုံးက ဆက်လက်စစ်ဆေးစီရင်နိုင်သည်။

(၃) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်အလို့ငှါ၊ အထူးရာဇဝတ်ရုံးသည်၊ စက်ရှင်တရားရုံးတရုံး၏ မူလစီရင်ပိုင်ခွင့် အာဏာများကို လိုအပ်သလိုသုံးစွဲနိုင်သည်။''။

၉။ ။အဆိုပါ ဥပဒေပုဒ်မ ၇ အစား၊ အောက်ပါကို ပုဒ်မ ၇ အဖြစ် ထည့်သွင်းရမည်။

''၇။ ။အထူးရာဇဝတ်ရုံးက တရားစီရင်ရာတွင်၊ မှန်ကန်၍ တရားမျှတမှုရှိစေရန် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ သင့်တော်သူတဦးဦးအား၊ ထိုအထူးရာဇဝတ်ရုံးကိုကူညီစေရန်အတွက်၊ ဥပဒေအရာရှိအဖြစ် ခန့်ထားနိုင်သည်။ ထိုအရာရှိ၏ အာဏာနှင့် တာဝန်ဝတ်တရားများမှာ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။''။

၁၀။ ။အဆိုပါ ဥပဒေပုဒ်မ ၇ ၏ နောက်တွင်၊ အောက်ပါကို ပုဒ်မ ၇-က အဖြစ် ထည့်သွင်းရမည်။

''၇-က။ ။အထူး ရာဇဝတ်ရုံးက စစ်ဆေးစီရင်သည့် အမှုတွင်၊ တရားခံကို ကူညီစေရန်အတွက်၊ တရားခံဘက်အကျိုးဆောင် တဦး ရှိရမည်။ တရားခံက မိမိကြိုက်နှစ်သက်ရာ ပုဂ္ဂိုလ်တဦးဦးကို တရားခံဘက် အကျိုးဆောင်အဖြစ် ဆောင်ရွက်ရန် စီစဉ်နိုင်သည်။ ထိုကဲ့သို့ စီစဉ်ခြင်းမပြုလျှင်၊ အစိုးရသည်၊ သင့်တော်သော ပုဂ္ဂိုလ်တဦးဦးကို တရားခံအား ကူညီစေရန်အတွက်၊ တရားခံဘက် အကျိုးဆောင်အဖြစ် ခန့်ထားရမည်။ တရားခံဘက်အကျိုးဆောင်၏တာဝန်ဝတ်တရားများမှာ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ဖြစ်ရမည်။''။

၁၁။ ။အဆိုပါဥပဒေပုဒ်မ ၉ တွင်—

(က) ပုဒ်မခွဲ (၁) နှင့် (၂) အစား၊ အောက်ပါကို ပုဒ်မခွဲ (၁) နှင့် (၂) အဖြစ် ထည့်သွင်းရမည်။

''(၁) တရားခံ တဦးဦးသည်၊ မကျန်းမာခြင်းကြောင့် သော်၎င်း၊ အခြားအကြောင်းတခုခုကြောင့်သော်၎င်း၊ အထူးရာဇဝတ်ရုံးသို့မလာရောက်နိုင်လျှင်၊ အထူးရာဇဝတ်ရုံးက၊ တရားခံဘက်အကျိုးဆောင်၏ရှေ့တွင်၊ အမှုကို စစ်ဆေးကြားနာစီရင်နိုင်သည်။ ယင်းသို့စစ်ဆေးကြားနာလျှင်တရားခံသည်၊ မိမိကြိုက်နှစ်သက်ရာပုဂ္ဂိုလ်တဦးဦးကို မိမိအား ကိုယ်စားပြုရန် လွှဲအပ်စေလွှတ်နိုင်သည်။

(၂) တရားခံ တဦးဦးသည်၊ ထွက်ပြေး တိမ်းရှောင်မနေကြောင်း စစ်ဆေးတွေ့ရှိ၍ အကြောင်းခိုင်လုံလျှင်၊ အထူးရာဇဝတ်ရုံးက၊ ၎င်း၏မျက်ကွယ်တွင်၊ အမှုကိုစစ်ဆေးကြားနာစီရင်နိုင်သည်။''။

(ခ) ပုဒ်မခွဲ (၃) နှင့် (၄) ကိုပယ်ဖျက်ရမည်။

၁၂။ ။အဆိုပါဥပဒေပုဒ်မ ၁၀ တွင်—

(က) ပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) အစား၊ အောက်ပါကိုပုဒ်မခွဲ (၁)၊ (၂)၊ (၃) နှင့် (၄) အဖြစ် ထည့်သွင်းရမည်။

''(၁) အထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်၊သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်နှင့်စပ်လျဉ်း၍၊ ဤကိစ္စအလို့ငှါ၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရကခန့်ထားသည့် အတည်ပြုအဖွဲ့၏ ဆုံးဖြတ်ချက်ကိုရယူရမည်။ အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့မဟုတ် ပြစ်ဒဏ် ချမှတ်ချက်သည်၊ အတည်မပြုမခြင်း မခိုင်လုံစေရ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊အထူးရာဇဝတ်ရုံး၏ဆုံးဖြတ်ချက်များနှင့် ပြစ်ဒဏ်ချမှတ်ချက်များကို စိစစ်ဆုံးဖြတ်ရန်ပုဂ္ဂိုလ်သုံးဦးပါဝင်သော '' အတည်ပြုအဖွဲ့ ''ကို အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းရမည်။ ထိုပုဂ္ဂိုလ်သုံးဦးအနက် တဦးသည်၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။

(၃) အတည်ပြုအဖွဲ့သည်၊ အထူးရာဇဝတ်ရုံး၏ ဆုံးဖြတ်ချက်၊ သို့မဟုတ်ပြစ်ဒဏ်ချမှတ်ချက်ကို အတည်ပြုနိုင်သည်၊ လျှော့နိုင်သည်၊ ပယ်ဖျက်၍တရားသေလွှတ်နိုင်သည်၊ တကြိမ်ပြန်လည်ပြင်ဆင်စေနိုင်သည်၊ သို့မဟုတ် အတည်ပြုရန်ငြင်းပယ်၍၊ အထူးရာဇဝတ်ရုံးအသစ်တခုဖွဲ့စည်းကာ၊ တကြိမ်ပြန်လည်စစ်ဆေးစေရန် တရားရေးဌာနသို့အကြောင်းကြားနိုင်သည်။

(၄) အတည်ပြုအဖွဲ့၏ အပြီးသတ်ဆုံးဖြတ်ချက်ကို ဤဥပဒေအရ ပြုသည့်နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်ပြန်ကြေညာရမည်။''။

(ခ) ပုဒ်မခွဲ (၅) ကိုပယ်ဖျက်ရမည်။

၁၃။ ။အဆိုပါဥပဒေပုဒ်မ ၁၁ အစား၊ အောက်ပါကိုပုဒ်မ ၁၁ အဖြစ် ထည့်သွင်းရမည်။

'' ၁၁။ ။(၁) အထူးရာဇဝတ်ရုံးက စစ်ဆေး ကြားနာ စီရင်၍၊ အတည်ပြုအဖွဲ့မှ အတည်ပြုပြီးဖြစ်သော အမှုများကို တော်လှန်ရေးကောင်စီက ခန့်ထားသော အယူခံအဖွဲ့သို့သာလျှင်၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ကာလအပိုင်းအခြားအတွင်း၊ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်း အယူခံဝင်နိုင်သည်။

(၂) အဖွဲ့ဝင်မှ အတည်ပြုပြီးဖြစ်သော သေဒဏ်ပါဝင်သည့်အမှုများ၌တရားခံက အယူခံဝင်သည်ဖြစ်စေ၊အယူခံမဝင်သည်ဖြစ်စေ အစိုးရသည်၊ တော်လှန်ရေးကောင်စီက ခန့်ထားသည့် အယူခံအဖွဲ့၏ အဆုံးအဖြတ်ကိုရယူရန်အလို့ငှါ၊ ထိုသေဒဏ်ကို ထုတ်ပြန် ကြေညာပြီးနောက်၊ သက်ဆိုင်ရာ အမှုတွဲကို အယူခံအဖွဲ့သို့ ပေးပို့ရမည်။ အယူခံအဖွဲ့၏ အဆုံးအဖြတ်မရမီ၊ သေဒဏ်ကို စီရင်ခြင်းမပြုရ။''။

၁၄။ ။အဆိုပါဥပဒေတွင်၊ ပုဒ်မ ၁၂ ကိုပယ်ဖျက်ရမည်။

၁၅။ ။အဆိုပါ ဥပဒေပုဒ်မ ၁၃ အစား၊ အောက်ပါကို ပုဒ်မ ၁၃ အဖြစ် ထည့်သွင်းရမည်။

''၁၃။ ။အတည်ပြုအဖွဲ့၊ သို့မဟုတ် အယူခံအဖွဲ့၏ အပြီးသတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍၊ ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကို တရားရေးဌာနက ဆက်လက်ဆောင်ရွက်ရမည်။''။

၁၆။ ။အဆိုပါ ဥပဒေတွင်၊ ပုဒ်မ ၁၄ ကို ပယ်ဖျက်ရမည်။

၁၇။ ။အဆိုပါ ဥပဒေပုဒ်မ ၁၅ ကို ပုဒ်မ ၁၅ ၏ ပုဒ်မခွဲ (၁) အဖြစ် ပြန်လည် အမှတ်စဉ်၍၊ ၎င်းနောက်တွင် အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်။

''(၂) ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရသည်၊ အခြား တရားရုံး တခုခုတွင် ပြစ်ဒဏ်မချမှတ်ရသေးသည့် မပြီးပြတ် သေးသော မည်သည့် အမှုကိုမဆို၊ အထူးရာဇဝတ်ရုံးက စစ်ဆေးစီရင် သင့်သည့် အမှုဖြစ်သည်ဟု ထင်မြင် ယူဆလျှင်၊ ထိုအမှုကို အထူး ရာဇဝတ်ရုံးသို့ လွှဲပြောင်းပေးနိုင်သည်။''။

၁၈။ ။အဆိုပါ ဥပဒေတွင်၊ ပုဒ်မ ၁၆ ကို ပယ်ဖျက်ရမည်။

၁၉။ ။အဆိုပါ ဥပဒေပုဒ်မ ၁၈ အစား၊ အောက်ပါကို ပုဒ်မ ၁၈ အဖြစ် ထည့်သွင်းရမည်။

''၁၈။ ။ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ မိမိအား ဤဥပဒေဖြင့် ပေးအပ်ထားသော ဥပဒေပြုနိုင်သည့် အာဏာနှင့် ပုဒ်မ ၁၅ အရ အပ်နှင်းထားသော အာဏာများမှ တပါး၊ အခြားအာဏာနှင့် တာဝန် ဝတ်တရားများကို၊ ပုဂ္ဂိုလ် တဦးဦး၊ သို့မဟုတ် အဖွဲ့တခုခုက သုံးစွဲဆောင်ရွက်ရမည်ဟု အမိန့်ဖြင့် ညွှန်ကြားနိုင်သည်။''။

၂၀။ ။အဆိုပါ ဥပဒေပုဒ်မ ၁၉ အစား၊ အောက်ပါကို ပုဒ်မ ၁၉ အဖြစ်ထည့်သွင်းရမည်။

''၁၉။ ။ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စများနှင့်၎င်း၊ ဤဥပဒေ အရ ချမှတ်သော ဆုံးဖြတ်ချက်၊သို့မဟုတ် ပြစ်ဒဏ်ချမှတ်ချက်

များနှင့်ငင်း၊ စစ်လျှဉ်း၍ မြန်မာနိုင်ငံ တရားရုံးချုပ်တွင် ပြင်ဆင်ခွင့်၊ကြီးကြပ်ကြည့်ရှုနိုင်ခွင့်၊ အယူခံကို လက်ခံခွင့် စသည့်အခွင့်အာဏာများမရှိစေရ။ ''။

၂၁။ ။အဆိုပါ ဥပဒေပုဒ်မ ၂၀ အစား၊ အောက်ပါကို ပုဒ်မ ၂၀ အဖြစ် ထည့်သွင်းရမည်။

''၂၀။ ။ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သည့်၊ သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သည့်ကိစ္စအတွက်၊ ထိုသို့ဆောင်ရွက်သူ၊ သို့မဟုတ် ဆောင်ရွက်ရန်ကြံရွယ်သူတွင် တာဝန်မရှိစေရ။''။

၂၂။ ။အဆိုပါ ဥပဒေပုဒ်မ ၂၁ နောက်တွင် ''ယင်းနည်းဥပဒေများသည်၊ ဤဥပဒေကဲ့သို့ အာဏာတည်စေရမည်။'' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၂၃။ ။ဤဥပဒေ စတင်အာဏာတည်သည့်နေ့ရက်၌ မပြီးပြတ်သေးသော အမှုတခုခုနှင့် စပ်လျဉ်း၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရသည်၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစိတ်တဒေသကိုဖြစ်စေ၊ ထိုမပြီးပြတ်သေးသော အမှုနှင့် ယင်းသို့စတင်အာဏာတည်သည့် နေ့ရက်မတိုင်မီ၊ တနေ့နေ့မှစ၍ သက်ဆိုင်စေရမည်ဟူ၍ အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်သည်။